# ရခိုင်မဟာရာဇဝင်ကြီး

ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)





**Tun Shwe Khine (M.A)**
**B.A (Credit), M.A (Y.U)**
**Ph.D (Candidate), H.R.D.P (Korea)**



ရခိုင်ပြည်နယ် ကျောက်တော်မြို့
အနောက်ဘက် "ကစ္ဆပ" မြစ်ကမ်းဘေးတွင်ရှိ
"သေလဂိရိတောင်ထွတ်" ကျောက်တော်ဆင်တောင်သည် ရခိုင်သမိုင်းရှိ
ထင်ရှားသော လေးရှားဆွမ်းဆောင်သော မြတ်စွာဘုရားရှင် ကြွရောက်
ပြီးနောက်တွင်မှ ရာဇဝင်ကြီးစာတွင် ရခိုင်လူမျိုးတို့ ဗုဒ္ဓသာသနာဝင်ဖြစ်
ရာရွာဖြစ်ခဲ့၍ ဗုဒ္ဓသာသနာတော် တောင်ခြေဆွမ်းဆောင်ရာအဖြစ် ထိုတောင်ပေါ်တော်
သက်တော်ထင်ရှားကြွလာခဲ့သော သမိုင်းဝင်တောင် ဖြစ်ကြောင်းမှတ်တမ်းဖြစ်သည်။


## မျက်နှာဖုံးအဓိပ္ပါယ်

ဤစာအုပ်၌ ရခိုင်ဒေသဦးယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဝင်ကျောက်ဆစ်လက်ရာ ရုပ်တု နှင့် ဒေသလီဆေးဝါး ကြေးသွန်းအနုပညာလက်ရာဆီမီးခွက်ပုံတို့ဖြင့် ဖွဲ့စည်းပြသမှုနှင့်ပြီး ဒီနိုင်းရေးသွဲ့ထားခြင်း ဖြစ်သည်။

ရှေ့မျက်နှာဖုံးရှိပြဲရုပ်တုပုံမှာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ကျောက်တော် တောင်(သေလဂိရိတောင်ဟုခေါ်သော)၏ တောင်ဘက်(အနောက်မြောက်) တောင်ခြေပါးရှိ ဆင်ကျောင်း ဘုရားအနီးမှ ၁၉၈၇ ခုနှစ်တွင်တွေ့ရှိသော အလျား - ၂ ပေ၊ အနံ - ၁ ပေ ၇ လက်မ၊ ထု - ၆ လက်မရှိ ရှေးဝင်ကျောက်ဆစ် လက်ရာဖြစ်သည်။ ရုပ်တု၏ ဦးခေါင်းတွင် ဆောင်းတော်ကိုဆောင်းထားပြီး မင်းဝတ်တန်ဆာဆင်ယင်၍ ဆင်ယင်လျက် ကော်နီလာပုံရှုမဝပါတွင် မြေခွေ့ရုပ်ကာကြီးတော့ ဟန်အမူအရာဖြင့် ဘုရားတစ်ပါး ဖြစ်ဟန် တူသော ရုပ်တုပုံဖြစ်သည်။ အိန္ဒိယဒေသဦး ရုပ်တုများနှင့်ဆင်၍ ဒေသဦးလက်ရာ ဖြစ်သည်။

နောက်ကျောဖုံးပုံမှာ ဆီမီးခွက်ကိုကိုင်၍ မြေခွေ့ရုပ်ကာ ပျော်ရွှင်ရယ်မောပြီး နတ်မင်းကိုရှေ့ရှုပြီး ထိုင်လျက် ရှိသောဟန် ကြည့်ညိုဖွယ်ကောင်းသော ဟန်ပန်ဖြင့် ဒေသတိုင်း ဒေသည်တို့တွင် ဆီမီးပူဇော်ရေးပုံဖြစ်သည်။ ဒေသလီဆေးဝါး ယဉ်ကျေးမှုလက်ရာဖြစ်သော ကြေးဆီမီးခွက်ရုပ်တုပုံစံထဲမှ မြောက်ပိုင်းနယ်ပါအတွင် ဦးခေါင်းမှ ၇ လက်မ မြင့်၍ လည်ပင်းသို့ဆွဲလျက် ဆီမီးခွက်အကျယ်မှာ ကြောက်လက်မခွဲရှိ မီးစွန်းရှိ နှုတ်ခမ်း ခုနစ်ခွက်ပါရှိသည်။ ဤကြေးဆီမီးခွက်ရုပ်တုမှာ သုတေသီ-နတ်မြစ်-အသျှင်ဝါသဘ သိမ်းဆည်းထားရှိသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ သိန္ဓုတာရုံကျောင်းတိုက်၌ ရှိနေသည်။

# ကျမ်းပြုစုသူ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၏ ကိုယ်ရေးအကျဉ်း



ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့ အဝ ကုန်သည်ကြီး ဦးလှသာ၊ + အမိ ဒေါ်ရွှေမြိန်တို့မှ ၁၉၄၄ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်းဦးထွန်းရွှေဖြစ်သည်။

၁၉၇၂ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာ(ပထဝီဝင်)ဘွဲ့ကို ရရှိသည်။ ထိုနှစ်မှာပင် လှိုင်သားများကောလိပ်၊ ပထဝီဝင် ဌာနတွင် အချိန်ပိုင်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၃ ခုနှစ်တွင် စစ်တွေ ဒေသ ကောလိပ်၌ ပထဝီဝင် နည်းပြအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်သည်။ ၁၉၇၇ ခုနှစ်တွင် "စစ်တွေမြို့ မြေအသုံးချမှု" စာတမ်းဖြင့် ရန်ကုန် တက္ကသိုလ်မှ မဟာဝိဇ္ဇာ တန်းဖြေဆိုအောင်မြင်ပြီးနောက် စစ်တွေ ဒေသ ကောလိပ်တွင် ပထဝီဝင်ဌာန လက်ထောက် ကထိက၊ ဌာနမှူးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၈၀ ခုနှစ်တွင် မော်ကွန်းထိန်းအဆင့်(၂)ဖြင့် လည်းကောင်း၊ စစ်တွေ ဒီဂရီ ကောလိပ်တွင် မော်ကွန်းထိန်း အဆင့်(၁)ဖြင့် လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့ပြီး နောက် ရန်ကုန် အဝေးသင် တက္ကသိုလ်နှင့် ရန်ကုန် နိုင်ငံခြား ဘာသာ တက္ကသိုလ်တို့တွင်လည်း တာဝန် များ ထမ်းဆောင်ခဲ့သည်။ ပါရဂူဘွဲ့(Ph.D.)အတွက် "Evolution of Rakhine Ancient Capitals" ရခိုင် သမိုင်းကျမ်းကို ပြုစုတင်သွင်းခဲ့သည်။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) အမည်ဖြင့် ရခိုင် သမိုင်း၊ စာအုပ်များနှင့် ရခိုင်ယဉ်ကျေးမှု ဆိုင်ရာ သုတေသန စာတမ်းများစွာ ရေးသား ပြုစုခဲ့သည်။ ကမ္ဘာ့အဆင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "A guide to Mrauk-U"၊ "A guide to Mahamuni" နှင့် ယခုထုတ်ဝေသည့် ရခိုင်မဟာရာဇဝင်ကြီး အပါအဝင် စာအုပ် (၁၈) အုပ် ထုတ်ဝေခဲ့သည်။

ရခိုင် - မြန်မာ ပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၊ ရခိုင်သမိုင်းသုတေသီ အသျှင်စေတ္တိန္ဒ၊ ရခိုင်သမိုင်း၊ စာပေပညာရှင် အထက်တန်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသာအောင်တို့နှင့် တွဲဖက်၍ ရခိုင်ရေးရာ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုများကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ ဇနီး ဖြစ်သူ ဒေါ်သန်းသန်းမြင့် (စစ်တွေမြို့ ဇာတိ)နှင့် သား နေမျိုးထွန်း၊ သန့်ဇင်ထွန်း၊ သမီး ဝါဝါဝင့် ခိုင်တို့နှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်ရင်း ရခိုင်သမိုင်း ဆိုင်ရာစာပေများ၊ သုတေသနပြု စာတမ်းများ တို့ကို ရေးသားလျက် ရှိနေပါသည်။

## စာရေးသူ၏ အမှာ စာ

သမိုင်းပါမောက္ခကြီးတစ်ဦးက  မှာ ကြားခဲ့ဖူးပါသည် ။ သမိုင်းကို ဘာကြောင့် လေ့လာသင် ကြားရတာလဲလို့ ဆိုရင် အဖြေက “မအအော င်လို့ “ ဟူ၍ ဖြစ်ပါသည် ။ လူတိုင်း “မအရအောင်၊ လူ လိမ်မခံရအောင်” ကိုယ့်ရဲ့ သမိုင်းကို ကိုယ်သိဖို့ လိုပါသည် ။ မိမိရိုးရာဇာတိဆင်းသက်ရာ ကို မိမိ ကိုယ်တိုင်က ဂဃနဏသိရှိပါက မိမိအမျိုးဂုဏ်၊ မိမိဇာတိဂုဏ် ကို အမှတ်ရကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်လာလိမ့်မည်ဟု ယုံကြည်ရပါ သည် ။

ရာဇဝင်သမိုင်းတစ်လျှောက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဘာသာ ၊ သာသနာ၊ အုပ်ချုပ်ရေးစဉ်လာ အဘက်ဘက်မှ အဆင့်အတန်းမြင့်မား ခဲ့သော ရခိုင်လူမျိုးတို့ ကား အထူးဆို ဘွယ်မရှိချေ။ မိမိတို့ ၏ ရိုးရာယဉ် ကျေးမှု အစဉ်အလာများကို မပျောက်ပျက်ရလေအောင် ကာ ကွယ်ထိန်း သိမ်းရင်း အဖရခိုင်မြေပေါ်တွင် ကမ္ဘာတည်သရွေ့ မားမားမတ်မတ် ခြေ စုံရပ်နိုင်ဖို့ လို အပ်လှပေသည် ။

ယခုအခါ ကမ္ဘာ့မြေပေါ်တွင် နိုင်ငံကြီးအချို့က နိုင်ငံငယ်များ အပေါ် တွင် လည်းကောင်း၊ ချမ်းသာသောသူက ဆင်းရဲသောသူများ အပေါ်တွင် လည်းကောင်း၊ လူမျိုးကြီးက လူမျိုးငယ်များ အ ပေါ်တွင် လည်းကောင်း ၊ မိမိအကျိုးနှင့် ယှဉ်၍ လွှမ်းမိုးနိုင်အောင်လည်းကောင်း၊ ပပျောက်သေး သိမ် အောင်အလို့ ငှာလည်းကောင်း အကြံကြီးစွာဖြင့် သမိုင်းကို လိမ်ဖို့ ကြိုးပမ်းနေကြပါသည် ။ အမြဲမပြတ် သတိရှိနေရမည် ဖြစ်ပါသည် ။

ဤသည် ကြောင့် ရခိုင်သားများ အဖို့ “အမျိုးသီလ၊ နှစ်ဌာနကို၊ ပြည့်

ဝမဏ္ဍိုင်၊ စောင့်စွမ်း နိုင်၍ ၊ ရခိုင်နာမ၊ ဘွဲ့မည်လှဖြင့်”….(ရှင်နာဂိန္ဒ၊ မော်ကွန်း)အဆိုကို အမြဲနှလုံးသွင်းနိုင်ကြပါစေဟု ဆန္ဒပြုပါသည် ။

ယခုဖော်ပြထားသော “ရခိုင်မဟာရာဇဝင်ကြီး” စာအုပ်တွင် နှစ်ပိုင်း ပါရှိပါသည် ။ ပထမပိုင်းမှာ “ရာဇဝင်”အပိုင်းဖြစ်ပါသည် ။ ရမ်းဗြဲဇာတိ များ ဖြစ်ကြသော ရမ်းဗြဲတောင်ကျောင်း ဆရာတော်ဘုရားကြီး၏ “ရခို င်ရာဇဝင်သစ်ကျမ်း”နှင့် ရမ်းဗြဲကျက်သရေ ရွာသားပဏ္ဍိတ၏ “ဓညဝ တီရာဇဝင်သစ်ကျမ်း” တို့ ကို အခြေခံ၍ ပေမူ ၁၅ ကျမ်းတို့ ဖြင့် ပူးပေါင်းညှိနှိုင်းပြုစုထားပါသည် ။ အစဉ်အလာ ရာဇဝင်သက်သက်သာ ဖြစ်ပါသည် ။

ဒုတိယပိုင်းမှာ “သမိုင်းသုတေသန” အမြင်ဖြင့် နှောင်းပိုင်းတွေ့ရှိချ က်များကို ပြုစုတင်ပြ ထားပါသည် ။ စာတမ်းအားလုံး မြန်မာနိုင်ငံ ဝိဇ္ဇာ နှင့် သိပ္ပံပညာရှင်များ အဖွဲ့ သုတေသနစာတမ်း ဖတ်ပွဲများ နှင့် မြန်မာနို င်ငံ သမိုင်းအဖွဲ့စာတမ်းဖတ်ပွဲများ တွင် ဆွေးနွေးဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါ သည် ။ ရခိုင်ရှေးဟောင်းမြို့တော်များအား ရှေးဟောင်းသုတေသ နဌာနမှ ယခုခေတ်တူးဖော်တွေ့ရှိ ချက်များကိုပါ တူးပွဲတင်ပြထားပါသ ည် ။

ဤ“ရခိုင်မဟာရာဇဝင်ကြီး” စာအုပ်တွင် အစဉ်အလာကြီးမား၍ ရှ ည်လျားပြည့်စုံသော ရခိုင် ရာဇဝင်အစဉ်အလာများကို နောက်ပိုင်းတူး ဖော်တွေ့ရှိသော သမိုင်းအထောက်အထားတွေ့ရှိချက် များ ဖြင့် ဖြည့်စွ က်ပေါင်းစပ်တင်ပြထားခြင်းဖြင့် တစ်စုံတစ်ခုသော ပြည့်စုံခြင်းအဆင့် သို့ ရောက်ရှိ လိမ့်မည်ဟု ရိုးသားစွာ ယုံကြည်ရပါသည် ။

ရခိုင်ရိုးရာ အစဉ်အလာရာဇဝင်ကြီးတွင် တစ်ခမ်းတစ်နား ဂုဏ်ယူဝ င့်ကြွားစွာ နန်းစဉ်နန်း ဆက် ဖော်ပြခဲ့သော

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ သမိုင်းကြောင်းကိုလည်း နောက်ပိုင်း သုတေ သီတို့ ရှေးဟောင်းမြို့တော်ရာများ ရှိ သာသနိကအပျက်အစီးများကြားမှ တူးဖော်တွေ့ရှိရသည့် မရေမတွက်နိုင်လောက်အောင် များ ပြားလှသော ဗုဒ္ဓယဉ်ကျေးမှုလက်ရာပစ္စည်းများ ၏ သမိုင်း ကြောင်းအခြေအနေများ နှင့် ပေါင်းစပ်ဖြည့်စွက်လေ့လာတင်ပြထားပေရာ ရခိုင်ဒေသ၏ ဗုဒ္ဓသာ သနာသမိုင်းကြောင်းအခြေအနေမှ ပို၍ ပို၍ ပြည့်စုံလာခဲ့ကြောင်း တွေ့ရှိရပေသည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်တွေ့ရှိခဲ့သော အထောက်အထား များ နှင့် တွေ့ရှိပြီးသော ကျောက်စာများ အရ ဤရခိုင်ဒေသတွင် ရှေးဦးအခါကပင် ခါးမဦးချ နေထိုင်ခဲ့ကြသော ရခုင်ပြည်သူများ သည် မိမိ၏ ကုသိုလ်ကောင်းမှုအတွက် အမြတ်ဆုံးနိဗ္ဗာန်ဆု ကိုသာ ရည်ရွယ်၍ ဆုတောင်းကြသည် ။ အနန္တောအနန္တငါးပါးကိုသာ ဦးထိပ်ထား၍ ဆုတောင်းကြသည် ။ မကောင်းမှုပြုလုပ်ပါကလည်း အပါယ်ငရဲဒုက္ခသို့ ကျရောက်တတ်ကြောင်း ပြင်းပြင်းပြပြ၊ စွဲစွဲမြဲမြဲ ယုံကြည်ကြပါသည် ။ ဤအချက်များက ရခိုင်လူမျိုးသည် ဖြူစင်သန့်ရှင်းသည့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် စစ်စစ်များ ဖြစ်ကြောင်းသိသာလှပါသည် ။ ဤအကြောင်းကို ဤစာအုပ်တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

**ထွန်းရွှေ(မဟာဝိဇ္ဇာ)**

H.R.D.P (Korea), Ph.D (Candidate)

* * *

# နိဒါန်း

အရှေ့တောင်အာရှမြေပုံကိုကြည့်ပါက ရခိုင်ဒေသ၏ တည်နေရာ၊ အနေအထား ကောင်း မွန်မှုကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့နိုင်ပါမည်။ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့ ၏ အကြား မဟာဗျူဟာကျသော နေရာတွင် တည်ရှိပေသည် ။ ဘင်္ဂလားပင်လယ်အော်ကြီးကို မျက်နှာမူ၍ နောက်ကျောတွင် ရခိုင်ရိုးမတောင်တန်းကြီးက ကွေ့ဝိုက်စွာ ကာရံထား သည် ။ ဤသို့သော ပထဝီဝင် သဘာဝအနေအထားကြောင့် ရှေ့ခေတ်ရခိုင်ပြည်သည် တစ်ခါတစ် ရံမျှ မိုးခေါင်ခြင်း မရှိခဲ့၊ ဆန်ရေစပါး ပေါကြွယ်ဝခဲ့ပေသည် ။ မြစ်ချောင်း၊ အင်းအိုင်၊ ကန်မြောင်းတို့ တွင် ရေအလျှံအပယ်ရှိသည် ။ မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်ထွန်းပြီး မြေဩဇာ ထက်သန်လှသည် ။ အခြားတစ်ဖက်တွင် လည်း ဤသို့ တောင်တန်း၊ ပင်လယ် ကားဆီးဝန်ရံနေမှုသည် ရန်သူများ အလွယ်တကူ မဝင်ရောက်နိုင်၍ အေးချမ်းသာယာစွာဖြင့် နိုင်ငံကို စိတ်ချလက်ချ တည်ဆောက် ခွင့်ရရှိကြသည် ။

၎င်းအပြင် တည်နေရာအနေအထားအရ ဗုဒ္ဓဘုရားပွင့်ရာ၊ ယဉ်ကျေးမှုစတင်ထွန်းကားရာ အိန္ဒိယမြောက်ပိုင်းဒေသ၊ ဂင်္ဂါမြစ်ဝှမ်းဒေသနှင့် ရေကြောမြေကြော တစ်ဆက်တည်း ဖြစ်သကဲ့သို့ ဗုဒ္ဓယဉ်ကျေးမှုနှင့် အတူ ထေရဝါဒဗုဒ္ဓသာသနာ ဆက်လက်ထွန်းကားရာ အိန္ဒိယတောင်ပိုင်း အမရ ဝတီ၊ အန္ဓရဝတီ၊ သီဟိုဠ်(သီရိလင်္ကာ) စသည့် ဒေသတို့ နှင့် လည်း ရေကြောင်းဖြင့် လွယ်လင့်တကူ ဆက်သွယ်နို

င်ခဲ့ပေသည် ။ ဗုဒ္ဓယဉ်ကျေးမှုအမွေကို ဆက်ဆံနိုင်ခဲ့သည် ။ အနောက်တောင်ရာသီ လေနှင့် အရှေ့မြောက်ရာသီလေတို့ ကဲ့သို့သော ဘင်္ဂလား ပင်လယ်အော်တွင် အချိန်မှန်မှန် တိုက် ခတ်နေသည့် သဘာဝလေကြောင်းများ သည် ရှေးပဝေသဏီကပင် ရခိုင်ဒေသနှင့် သီဟိုဠ်အကြား ရေကြောင်းလမ်းကို တွင် ကျယ်စေခဲ့သည် ။ ရေကြောင်း၊ လေကြောင်း အလိုက်သင့်ပေသည် ။

ဤသို့သော ပထဝီဝင် အချက်အလက်များ သည် ရခိုင်ဒေသသို့ ဗုဒ္ဓယဉ်ကျေးမှု ဗုဒ္ဓသာ သနာနှင့် အိန္ဒိယယဉ်ကျေးမှုအနုပညာများ ပျံ့နှံ့ဝင်ရောက်မှုတွင် များ စွာအထောက်အပံ့ ဖြစ်စေခဲ့ သည် ။ အရှေ့တောင်အာရှ အခြားဒေသများ (ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီရှား) ထက် စောစီးစွာ အခြေအနေကောင်းကို ရရှိစေခဲ့သည် ။

သို့ဖြစ်ရာ ဤဒေသတွင် ဝင်ရောက်နေထိုင်ကြသူများ နှင့် အဆိုပါပြည်သူများအား စိုးမိုးအုပ် ချုပ် မင်းလုပ်ခဲ့သော မင်းအဆက်ဆက်တို့ ၏ ရာဇဝင်အဖြစ်အပျက်နှင့် အဆိုပါဒေသ၏ လူမှုရေး၊ နိုင်ငံရေး၊ စာပေ၊ ယဉ်ကျေးမှု စသည် တို့ ကို မှတ်တမ်းပြုထားသည့် ရခိုင်ရာဇဝင်၊ ရခိုင်သမိုင်းသည် စိတ်ဝင်စားဖွယ်ရာ လေ့လာဖွယ်ရာဖြစ်သည် ။ အဘယ့်ကြောင့် ဆိုသော် အရှေ့တောင်အာရှသို့ ပျံ့ နှံ့ဝင်ရောက်ခဲ့သည့် အိန္ဒိယယဉ်ကျေးမှု၏ သမိုင်းကြောင်း၊ ကွင်းဆက်ကို ခြေရာကောက်လေ့လာ ရာတွင် အထောက်အပံ့ရစေသောကြောင့် ဖြစ်ပါသည် ။ ဩစတြေးယားအမျိုးသားတက္ကသိုလ်မှ ရှေး ဟောင်း ရခိုင် Ancient Arakan ကျမ်းဖြင့် ပါရဂူဘွဲ့ယူခဲ့သူ မစ္စပင်မလာဂတ်မင်က ၁၉၇၅ခု ကွင်းဆင်းလေ့လာရရေးခရီးစဉ်တစ်လျှောက် အမြဲတမ်း ပြောဆိုဆွေးနွေးခဲ့သော စကားပင် ဖြစ်ပါ သည် ။

ရခိုင်တိုင်းရင်းသားတို့ သည် မိမိတို့ ၏ သမိုင်းကြောင်းကို ရှေးပဝေသဏီကပင် မင်းအဆက် ဆက်တို့ က ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာ တင်ခဲ့ကြပေသည် ။ ဘိုးဘွားဘီဘင် အ ကြောင်းအရာများကို နှုတ်တိုက်အားဖြင့်လည်းကောင်း၊ ပုံပြင်သဖွယ်သော်လည်းကောင်း အဆင့် ဆင့် လက်ဆင့်ကမ်း အမွေပေးခဲ့ကြလေသည် ။ စာရေးသူနှင့် ရင်းနှီးသော ပြင်သစ်နိုင်ငံ ဆိုဘွန်း တက္ကသိုလ်မှ မနုသဗေဒပါမောက္ခ၊ မစ္စတာဘာနီးက-

"လူမျိုးတစ်မျိုး၏ သမိုင်းကြောင်းဇစ်မြစ်ကို လေ့လာရာတွင် အဆိုပါလူမျိုးတို့ ၏ အဆင့်ဆင့် သယ်ယူပြောဆိုခဲ့ကြသည့် ပုံပြင်ဒဏ္ဍာရီစကားတို့ သည် လည်း အရေးကြီးကြောင်း"

ဆိုပေသည် ။ သို့ဖြစ်ရာ စာရေးသူသည် ရခိုင်ရာဇဝင်လာ ပုံပြင်ဆန်သော အစဉ်အလာ အဖြစ်အပျက်များ ၊ အဆိုအမိန့်များကို ယုတ္တိမရှိဟူ၍ ပြုပြင်ခဲ့ခြင်း လုံးဝမရှိဘဲ မူရင်းအတိုင်း ဤစာအုပ်တွင် ဖော်ပြထားပါသည် ။

ရခိုင်မင်းအဆက်ဆက် ပြုစုခဲ့သော ရခိုင်ရာဇဝင်ကျမ်း (၄၈)စောင်ရှိသည် ဟု ဆိုပေသည် ။ ယခု စာရေးသူတို့ လက်ဝယ် ပုံနှိပ်ကမ်းကြီး(၂) စောင်၊ ကျမ်းငယ် (၃)စောင်နှင့် ပေမူ ၁၀ စောင်ခန့် ရှိနေပေသည် ။ ရခိုင်ရာဇဝင်ကြီးပေမူ တိုက်ပိုင်(၉၈၃၇)၊ တက္ကသိုလ်များ ၊ ဗဟိုစာကြည့်တိုက်နှင့် မင်းရာဇာကြီး စာတမ်းပေမူတို့ မှာ ခိုင်မာပြည့်စုံမှု အရှိဆုံးဖြစ်ပါသည် ။ စာရေးသူထံ အင်္ဂလိပ်လူမျိုး ရခိုင်သမိုင်းဖြင့် ပါရဂူကျောင်းသားတစ်ဦး လက်ဆောင်ပေးခဲ့သည့် ဆာအာသာဖေယာ၏ လက်စွဲ ရခိုင်ရာဇဝင်လက်ရေးမူ(ဗြိတိသျှပြတိုက်မှ ) ၃ အုပ်တွဲမှာ လည်း ပြည့်စုံမှုရှိရာ စာရေးသာ ဖတ်ရှု ညှိနှိုင်းရာတွင် အသုံးပြုခဲ့ပါသည် ။ ဆရာငမည်းရာဇ

ဝင်နှင့် တူပါသည် ။

နောက်ကျမ်းတစ်စောင်မှာ ရမ္မာဝတီ အသျှင်ပညာစာရံမှ ရရှိသည့် ရမ်းဗြဲကျွန်းပေမူ၊ ရခိုင် အင်းစောက်ရာဇဝင်ပေမူပင် ဖြစ်ပါသည် ။ (၄၈) အင်္ဂါရှိသော ပြည့်စုံသည့် ပေမူ၊ လက်နှိပ်စက်ဖြင့် ကူးထားသည့် ပေမူဖြစ်ပါသည် ။ အဓိက ကိုးကားခဲ့သော ကျမ်းကြီးလည်း ဖြစ်ပါသည် ။ ရမ်းဗြဲ တောင်ကျောင်း ဆရာတော်ကြီး အဓိကကိုးကားခဲ့သော ကျမ်းကြီးလည်း ဖြစ်ပါသည် ။ ဆရာတော်ကြီးပြုစုသည့် ရခိုင်ရာဇဝင်သစ်ကျမ်း ပုံနှိပ်စာအုပ်နှင့် အချက်အလက် စာစီစာကုံးပါ အကြောင်း အရာမှာ အတော်ပင် တူညီသည် ။ စာရေးသူသည် ဤ “ရခိုင်မဟာရာဇဝင်ကြီး” ပြုစုရာတွင် ရမ်းဗြဲ တောင်ကျောင်း ဆရာတော်ကြီး ရေးသားပြုစုသည့် “ရခိုင်ရာဇဝင်သစ်ကျမ်း” နှင့် ရမ်းဗြဲ မြောက် ကျောင်း ကျက်သရေရွာဆရာတော်ကြီးပြုစုသည့် “ဓညဝတီရာဇဝင်သစ်ကျမ်း” တို့ ကို ယှဉ်တွဲ၍ အခြေခံဖတ်ရှုပါသည် ။ နန်းစံ သက္ကရာဇ်ကို ဆရာကြီးဦးအောင်သာဦး ပြုစုသည့် မူနှင့် စာရေးသူ ကိုယ်တိုင် ရခိုင်ပြည်နယ် ကောင်စီသမိုင်းအဖွဲ့အတွက် ပြုစုထုတ်ဝေခဲ့သည့် “ရခိုင်နန်းဆက် မြို့ ဆက်သမိုင်း ” မူတို့ ကို အခြေခံပါသည် ။

အထက်ဖော်ပြပါ ရခိုင်ရာဇဝင်ကျမ်းများ တွင် အခြားအခြားသော ခေတ်ပြိုင်ပဒေသရာဇ် နိုင်ငံများကဲ့သို့ပင် အုပ်ချုပ်သူမင်းကို ချဲ့ကား၍ ဘုရားတည်ကြောင်း မိဖုရား မောင်းမမိသံ စသည် များ အကြောင်း၊ နန်းစံနှစ်၊ နယ်ပယ်ချဲ့ထွင်ခြင်းနှင့် လက်ဆောင်ပဏ္ဏာ၊ သမီးကညာ ဆက်သခြင်း စသည် ဖြင့် တန်ဆာဆင်ထားကြောင်း တွေ့ရပါသည် ။

သက္ကရာဇ်ကိုလည်း ဂရုမပြုခဲ့ကြပေ။ အမှန်ပါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သော အဆက် ဆက်သော မင်းအပေါင်းတို့ သည် မိမိတို့ တတ်

စွမ်းသမျှ ဖြတ်ထုံး၊ ရာဇသတ်ဓမ္မသတ် ကျမ်းဂန်များ နှင့် အညီ ပြည်ရွာ အကျိုး သယ်ပိုးခဲ့ကြမည်သာ ဖြစ်ပါသည် ။ စာပေ၊ ယဉ်ကျေးမှု၊ အနုပ ညာ၊ လူမှု ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စသည် ဖြင့် အဘက်ဘက်မှ မလွဲ မသွေ စွမ်းဆောင်ခဲ့ကြပေမည်။ မှတ်တမ်းမတင် ရာဇမဝင်သော်လည်း ယခု မြို့တော်ဟောင်းနေရာ တစ်ဝိုက်မှ တွေ့ရှိရသည့် ယဉ်ကျေးမှုအမွေ အနှစ် အထောက်အထားများက ၎င်းတို့ ၏ စွမ်းဆောင်မှု အဆင့်အတန်းကို သက်သေထူလျက်ရှိပါသည် ။

ယခုခေတ် ရခိုင်ဒေသမှ ရှေးကျသော အုပ်စုဝင်များ ဖြစ်ကြသည့် ယဉ်ကျေးမှုအမွေအနှစ် များ (ဥပမာ-ဒင်္ဂါးဝ ဗုဒ္ဓဆင်းတုတော်)ကို ရှာဖွေ တွေ့ရှိခဲ့ပြီး ဖြစ်ပေသည် ။ အချို့သော ဒင်္ဂါး၊ ရုပ်ပွား ဆင်းတုနှင့် ကြေးပု ရပိုင်များမှာ အရှေ့တောင်အာရှတွင် အစောဆုံးသော စံနမူနာအဖြစ် ပ ညာရှင် များက ဆိုပေသည် ။

ရှေးကျသော အုပ်စုဝင်ဖြစ်သည့် စနစ်ကျသော မြို့ပြဟန်လည်း ဖြစ် သည့် ရှေးဟောင်းမြို့ တော် Urbanized Capitals များကို ကောင်းကင်မြေတိုင်းဓာတ်ပုံတွင် ထင်ထင်ရှားရှား တွေ့ရ သည် ။ တံတိုင်း၊ မြို့ရိုး၊ ကျုံး၊ ရေတွင်း၊ ရေကန်၊ နန်းမြို့တော် စသည် ဖြင့် ပြည့်စုံ သော မင်းနေပြည် တော်အဆင့် မြို့ပြများ ဖြစ်ကြသည် ။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ စနစ်တကျ တူး ဖော်ပြီးသော ဤမြို့ တော်များ ဝန်းကျင်မှ ရွှေ၊ ငွေ၊ ကြေးဖြင့် သွန်းလုပ်အပ်သော ဗုဒ္ဓဆင်း တုတော် များ ၊ အဆင့်မြင့်သော ကုန်သွယ်မှုလက္ခဏာဖြစ်သည့် မင်းအ မည်ပါရှိသည့် ဒင်္ဂါးများ ၊ ဗုဒ္ဓတရား တော် အဆီအနှစ်များ ပါရှိသည့် ကျောက်စာများ ၊ တရားဓမ္မ စည်းမျဉ်းဥပဒေ၊ ဖြတ်ထုံးများ ပါရှိသည့် မြေလျှိုမိန့်ကြေးပုရပိုက်၊ ယခုခေတ် ဗုဒ္ဓယဉ်ကျေးမှု သာသနိကပစ္စည်းများ ဖြစ်သော စာတမ်းပါရှိ သည့် ကြေးခေါင်းလောင်း

တော်များ စသည် ဖြင့် ရေးကျသည့် ယဉ်ကျေးမှုလက်ရာများကို အမြောက် အများ တွေ့ရှိခဲ့ပြီး ဖြစ်ပါသည် ။

ငင်းအပြင် မြောက်ဦးခေတ် ၁၆ ရာစုခန့်တွင် ပင်လယ်ရေကြောင်းကို အမှီပြု၍ ပေါ်တူဂီနှင့် ဒတ်ချ်လူမျိုးတို့ ဝင်ရောက်လာခဲ့ရာ ပင်လယ်ကမ်းစပ်တွင် တည်ရှိသော ဤမြို့တော်များ နှင့် ဆက် သွယ်ရသည် ။ ၎င်းတို့ ၏ မျက်မြင်ကိုယ်တွေ့ မှတ်တမ်းများမှ တစ်ဆင့် မြောက်ဦးခေတ်၏ စနစ်ကျ၍ မျှတသော အုပ်ချုပ်ရေး၊ ခေတ်မီသော စီးပွားရေးစနစ်၊ အဆင့်မြင့်သော ကာကွယ်ရေး၊ အစီအမံ၊ ခန္တီတရားဖြင့် ပြည့်စုံသော ဘာသာရေး စသည် ဖြင့် အဘက်ဘက်မှ သိရှိခွင့် ရရှိခဲ့ပြန်သည် ။

သို့ဖြစ်ရာ ထုံးတမ်းအစဉ်အလာအရ ရခိုင်ရာဇဝင်မှတ်တမ်းများ တွင် မှတ်တမ်းမတင်ခဲ့သော် လည်း လက်ရှိတွေ့ရှိရသော ယဉ်ကျေးမှုအထောက်အထားများမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သော အဆိုပါမင်းအဆက်ဆက်တို့ ၏ စွမ်းဆောင်ကြိုးပမ်းချက်များ ၏ ရလဒ်ကောင်းများ ပင် ဖြစ်ကြပေမည်။ စာရေးသူသည် ရခိုင်ရာဇဝင်များ ၏ နောက်ဆက်တွဲအဖြစ် ၎င်းစာတမ်းများကို ဖော်ပြထားပါသည် ။ ဤနည်းဖြင့် လွန်လေပြီးသော ကျွန်ုပ်တို့ ၏ ဘိုးဘွား ဘီဘင်တို့ ၏ အခန်းကဏ္ဍကို ပိုမိုပီပြင်စေပြီး ပူဇော်သက္ကာရလည်း ဖြစ်စေမည်ဟု ရိုးသားစွာ ယုံကြည်မိပါသည် တကား။

ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)

(၂၅-၃-၂၀၀၉)

* * *

**Ancient Rakhine Capital's Geographical Unique Position on the Bay of Bengal and Southeast Asia** Plate 1





Plate IV




# မဟာကံသမင်းတို့ ၏ သမိုင်းကြောင်း

မဇ္ဈိမဒေသ မြောက်ပိုင်းအရပ်၊ ဥတ္တရာပထတိုင်း၀ယ် ကံသမင်းတို့

၏ သုံးဆောင်ရာနေရာ ဖြစ်သော အသိတဉ္စနမြို့၌ မဟာကံသမည်သော မင်းသည် မင်းပြု၏။ ထိုမဟာကံသမင်း၌ ။ ကံသ၊ ဥပကံသ-ဟူသော သားနှစ်ယောက်တို့ သည် ရှိကုန်၏။ ဒေဝဂဗ္ဘာမည်သော သမီးတော်တစ် ယောက် ရှိ၏။ ထို ဒေဝဂဗ္ဘာမင်းသမီးကို ဖွားသောနေ့၌ နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ ကို မေး၏။ နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ သည် ထိုမင်းသမီးဝမ်း၌ ဖြစ်သော သားတို့ သည် ကံသ မင်းအနွယ်အဆက်ကို ဖျက်ဆီးကုန်လတ္တံ့-ဟု လျှောက်ကြားကုန်၏။ မဟာကံသမင်းကြီးသည် ပြင်း စွာသော ချစ်ခြင်းဖြင့် ချစ်ခြင်းကြောင့် ၊ သမီးတော်ကို ဖျက်ဆီးအံ့သောငှာ မတတ်နိုင်။ မောင်တော် တို့ သည် မသိကုန်လတ္တံ့ဟု အသက်ထက်ဆုံး တည်၍၊ မဟာကံသမင်းကြီးသည် နတ်ရွာလား၏။ ထို မဟာကံသမင်းကြီး နတ်ရွာလားလေသော်၊ သားတော်ကြီး ကံသမင်းသားသည် မင်းပြု၏။ ညီ တော် ဥပကံသသည် အိမ်ရှေ့မင်း ဖြစ်၏။ ထိုညီတော်၊ နောင်တော်တို့ သည် ကြံကြကုန်၏။ ငါတို့ သည် ဒေဝဂဗ္ဘာမင်သမီးကို အကယ်၍ ဖျက်ဆီးကုန်အံ့။ ကဲ့ရဲ့ ခံရကုန်သည် ဖြစ်ကုန်လတ္တံ့။ ထို့ကြောင့် နှမတော်ကို တစ်စုံတစ်ယောက်သောမင်းအား မပေးမူ၍ လင်မရှိသည် ကိုပြု၍ စောင့် ရှောက်ကုန်အံ့ဟု ကြံကြကုန်၏။ ကြံပြီး၍ ထိုမောင်တော်မင်းတို့ သည် တစ်ခုသော တပင်တိုင်နန်းပြ သဒ်ကို ဆောက်စေ၍ ထိုတစ်ပင်တိုင်နန်းပြသဒ်၌ နေစေကုန်၏။ ထိုမင်းသမီး၏ အလုပ်အကျွေး၊ အစောင့်အရှောက်သည် နန္ဒိဂေါပါလာအမည်ရှိ၏။ ထို နန္ဒိဂေါပါလာ၏ လင်ဖြစ်သော၊ အန္ဓကဝေဏ္ဍု မည်သော ကျွန်သည် စောင့်ရှောက်ခြင်းကိုပြု၏။ ထိုအခါ မဓုရမည်သော ပြည်ဝယ်၊ မဟာသာ ဂရမည်သော မင်းသည် မင်းပြု၏။ ထိုမဟာသာဂရမင်း၌ သာဂရ၊ ဥပသာဂရ-ဟူသော သားတော် နှစ်ယောက်တို့ သည် ရှိကုန်၏။ ထို သားတော်နှစ်ယောက်တို့ တွင် လည်း သားတော်ကြီး သာဂရမင်း သား

သည်၊ ခမည်းတော်နတ်ရွာစံသောအခါ မင်း ဖြစ်၏။ ညီတော် ဥပသာဂ ရမင်းသည်၊ အိမ်ရှေ့မင်း ဖြစ်၏။ ထိုဥပသာဂရမင်းသားသည် ဥပကံသ မင်းသား၏ အဆွေခင်ပွန်း ဖြစ်၏။ တစ်ဦးတည်းသော တက္ကသိုလ်ဆရာ့ အထံ၌ အတူတကွ အတတ်သင်ဘက်တည်း။ ထို အိမ်ရှေ့မင်း ဥပသာဂ ရသည် နောင်တော်သာဂရမင်း၏ နန်းတွင်း၌ ပြစ်မှား၍ နောင်တော်ကို ကြောက်သည် ဖြစ်၍ ထွက်ပြေးပြီး လျှင်၊ ကံသမင်းတို့ အထံသို့ သွား လေ၏။ အိမ်ရှေ့မင်း ဥပကံသသည်၊ ထိုဥပသာဂရအိမ်ရှေ့မင်း ကို နော င်တော်ကံသမင်းကြီးအား ပြ၏။ ကံသမင်းကြီးသည် ထိုဥပသာဂရအား ကြီးစွာသော စည်း စိမ်ကိုပေး၏။ ထိုဥပသာဂရသည် ကံသမင်းကြီးအား ခစားအံ့သောငှာ သွားသည် ရှိသော် နှမတော် ဒေဝဂဗ္ဘာမင်းသမီး၏ စံ ရာတပင်တိုင်နန်းပြဿဒ်ကိုမြင်၍ ဤပြဿဒ်သည် အဘယ်သူ၏ နေရာ ပြဿဒ်နည်းဟု မေး၍ နှမတော်ဒေဝဂဗ္ဘာမင်းသမီး စံရာဖြစ်ကြောင်းကို ကြားသိရလျှင် ဒေဝဂဗ္ဘာ မင်းသမီး၌ တပ်စွန်းသောစိတ် ရှိသည် ဖြစ်၏ ။ ဒေဝဂဗ္ဘာမင်းသမီးသည် လည်း တစ်နေ့သ၌ ဥပသာ ဂရမင်းသားသ ည် မောင်တော် ဥပကံသအိမ်ရှေ့မင်းနှင့် အတူ မင်းအား ခစားခြင်းငှာ လာလတ် သည် ကိုမြင်၍ ဤမင်းသားသည် အဘယ်မင်းသားနည်းဟု မေး၍ မဟာသာဂရမင်းကြီး၏ သား တော်ဖြစ်သော ဥပသာဂရမင်း သားတည်းသု နန္ဒိဂေါပါလာအမည်ရှိသော အလုပ်အကျွေးထံမှ ကြား သိရလျှင် ထိုဥပသာဂရမင်းသား၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၏။ ဥ ပသာဂရမင်းသားသည် နန္ဒိဂေါပါလာအမည်ရှိသော အထိန်းတော်အား တံစိုးလက်ဆောင်ပေး၍၊ နှမ ငါ့အား ဒေဝဂဗ္ဘာမင်းသမီးကို ပြခြင်းငှာ တတ်နိုင်ပါအံ့လောဟု ဆို၏။ ထို နန္ဒိဂေါပါလာမည်သော အထိန်းတော် သည် အရှင်မင်းသား၊ ထို ဒေဝဂဗ္ဘာမင်းသမီးကိုပြခြင်းသည် ဝန်မလေး ဟု ဆို၍ ထိုအကြောင်းကို ဒေဝဂဗ္ဘာမင်းသမီးအား တင်လျှောက်၏။ ထို

ဒဝေကဗ္ဗာမင်းသမီးသည် ပကတိအားဖြင့်လည်း ဥပသာဂရမင်းသား၌ တပ်စွန်းသောစိတ်ရှိသည် ဖြစ်၍ ထိုစကားကို ကြားရလျှင် သဘောတူ လက်ခံသည် ။ နိန္ဒဂေါပါလာမည်သော အထိန်းတော်သည် ဥပသာဂရမ င်းသားအာ အမှတ်သညာကိုပေး၍ ညဥ့်တို့ ၌ ထိုဥပသာဂရမင်းသားကို ပြဿဒ်သို့ တင်၏။ ဥပသာဂရမင်းသားသည် ဒဝေကဗ္ဗာမင်းသမီးနှင့် မွေ့လျော ပျော်ပါးခြင်းကိုပြု၏။ ထိုအခါ ထိုနှစ်ယောက်ကုန်သော မင်း သားမင်းသမီးတို့ ၏ အဖန်အလဲလဲ မွေ့လျော်ပျော်ပါးခြင်းကြောင့် ဒဝေ ကဗ္ဗာမင်းသမီးတွင် ကိုယ်ဝန်ကိုရ၏။ နောက်အဘို့၌ ထို ဒဝေကဗ္ဗာမင်း သမီးအား ကိုယ်ဝန်တည်ခြင်းသည် ထင်ရှားသည် ဖြစ်၍ မောင်တော်မင်းနှစ်ပါးတို့ သည် နန္ဒိဂေါပါလာကို မေးကုန်၏။ ထို နန္ဒိဂေါပါလာသည် ဘေးမဲ့ကိုတောင်း၍ ထိုအကြောင်းကို လျှောက်ထား ၏။ ထိုမောင်တော်နှစ်ပါးတို့ သည် ကြားသိရလျှင် နှမတော်ကို ဖျက်ဆီးခြင်းငှာ မတတ်နိုင်ကုန်။ သမီးကိုတည်း အကယ်၍ မွေးဖွားအံ့။ မဖျက်ဆီးကုန်အံ့။ သားယောက်ျားကိုတည်း အကယ်၍ မွေးဖွားအံ့။ ဖျ က်ဆီးကုန်အံ့ဟု ကြံ၍ ဒဝေကဗ္ဗာမင်းသမီးကို ဥပသာဂရမင်းသားအား သာလျှင် ပေးကုန်၏။ ထိုဒဝေကဗ္ဗာမင်းသမီးသည် ရင့်သောကိုယ်ဝန်ရှိ သည် ဖြစ်၍ မင်းသမီးကို ဖွားမြင်၏။ မောင်တော်မင်းနှစ်ပါးတို့ သည် ကြားရလျှင် အလွန်နှစ်သက်ကုန်သည် ဖြစ်၍ ထိုတူမတော် မင်းသမီး အား အဥ္စနဒဝေီဟူသော အမည်ကို မှ ည့်ကုန်၏။ ထိုနှမတော်၊ ယောက် ဖတော်တို့ အား ဝဍ္ဎမာနမည်သောရွာကို ကံကျွေးခံပေးကုန်၏။ ဥပသာ ဂရမင်းသားသည် မျောက်သားတော် ဒဝေကဗ္ဗာမင်းသမီးကိုယူ၍ ဝဍ္ဎမာ နမည်သော စာကျေးရွာ၌ နေ၏။ ဒဝေကဗ္ဗာမင်းသမီး၌ တစ်ဖန် ကိုယ်ဝ န်တည်ပြန်၏။ နန္ဒိဂေါပါလာသည် လည်း ထိုနေ့၌ပင် ကိုယ်ဝန်ရ၏။ ထို နှစ်ယောက်သော မင်းသမီးနှင့် ဒဝေကဗ္ဗာအထိန်းတော် နန္ဒိဂေါပါလာ

တို့ သည် ကိုယ်ဝန်ရင့်ကုန်သည် ရှိသော်၊ တစ်နေ့တည်း၌ သာလျှင် ဒဝေကဗ္ဗာမင်းသမီးသည် သားယောကျာ်းကို ဖွား၏။ အထိန်းတော်နန္ဒိဂေါပါလာသည် သမီးမိန်းမကို ဖွား၏။ ဒဝေကဗ္ဗာမင်းသမီးသည် သားကို မောင်တော်တို့ ဖျက်ဆီးအံ့သည် မှ ကြောက်သောကြောင့် သားတော်ကို နန္ဒိဂေါပါလာအား လျှို့ဝှက်သောအားဖြင့် ပေးလိုက်၏။ ထို နန္ဒိဂေါပါလာ၏ သမီးတော်ကို ဆောင်ယူခဲ့စေ၏။ ထို ဒဝေကဗ္ဗာမင်းသမီး သားဖွားသောအဖြစ်ကို မောင်တော်တို့ အား ကြားလျှောက်၏။ ထိုမောင်တော်တို့သည် သားယောကျာ်းကို ဖွားသလော၊ သမီးမိန်းမကို ဖွားသလောမေး၍ သမီးမိန်းမ ဖွားသည် ဟူ၍ တင်လျှောက်လေသော်၊ ထိုသို့ သမီးမိန်းမ ဖွားသည် တပြီးကား မွေးလေကုန်ဟု ဆိုကုန်၏။ ဤသို့သောအားဖြင့် ဒဝေကဗ္ဗာမင်းသမီးသည် တစ်ကျိပ်သော သားတို့ ကို ဖွား၏။ နန္ဒိဂေါပါလာသည် ၊ တစ်ကျိပ်သော သမီးကိုဖွား၏။ တစ်ကျိပ်သောသားတို့ သည် အထိန်းတော် နန္ဒိဂေါပါလာ၏ အထံ၌ ကြီးကုန်၏။ တစ်ကျိပ်သောသမီးတို့ သည် ဒဝေကဗ္ဗာ မင်းသမီးအထံ၌ ကြီးကုန်၏။ ထိုအကြောင်းကို တစ်စုံတစ်ယောက်သောသူသည် မသိ။ ဒဝေကဗ္ဗာမင်းသမီး၏ သားအကြီးသည် ဝါသုဒဝေမည်၏။ ဗလဒဝေ၊ သူရိယဒဝေ၊ အဂ္ဂိဒဝေ၊ ဝရုဏဒဝေ၊ အဇ္ဇုန၊ သဇ္ဇန၊ သဋ္ဌပဏ္ဍိတ၊ အကုင်္ရမည်၏။ ထို တစ်ကျိပ်သော ညီနောင်တို့ သည် နောင်အဘို့၌ ကြီးချင်းသို့ ရောက်ကုန်၏။ အားအစွမ်းနှင့် ပြည့်စုံကုန်၏။ ခက်ထန်ကြမ်းတမ်းကုန်သည် ဖြစ်၍ လုယက်ဖျက်ဆီးခြင်းကိုပြုကုန်လျက် လှည့်ပတ်သွားလာကုန် ၏။ မင်းအား ဆက်ရောက်လာသော လက်ဆောင်ပဏ္ဏာကိုလည်း လုယက်ဖျက်ဆီးကုန်သည် သာလျှင်တည်း။ လူတို့ သည် စည်းဝေးကုန်လျက် အန္ဓကဝေဏှုကျွန်၏ သားဖြစ်ကုန်၏ ဟု မင်းရင်ပြင်၌ ကြွေးကြော်ကုန်၏။ ကံသမင်းကြီးသည် အန္ဓကဝေဏှုမည်သော ကျွန်ကိုခေါ်စေ၍ အဘယ့်ကြောင့် သားတို့ ကို လုယ

က်ဖျက်ဆီးခြင်းကို ပြုစေသနည်းဟု ခြိမ်းခြောက်၏။ ဤသို့လျှင် နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက် ၎င်းလူတို့ သည် ကြွေးကြော်ကုန်သည် ရှိသော်၊ ကံသမင်းကြီး သည် ထိုအန္တကဝေဏ္ဍုကျွန်ကို ခြိမ်းခြောက်သည်သာလျှင်တည်း။ ထို အန္ဓေကဝေဏ္ဍုသည် သေဘေးမှ ကြောက်သည် ဖြစ်ရကား အလုံးစုံသောအကြောင်းကို ဖွင့်ဟလျှောက်ကြား လေ၏။ မင်းကြီးသည် အလွန်ကြောက်သည် ဖြစ်၍ ၊ အဘယ်သို့သောအကြောင်းဖြင့် ထိုမင်းသားတို့ ကို ဖမ်းကုန်အံ့နည်းဟု အမတ်တို့ ကိုမေး၏။ အရှင်မင်းကြီး၊ ထို တစ်ကျိပ်သောညီနောင်တို့ သည် လက်ဝှေ့သတ်ခြင်း၊ လက်ပမ်းလုံးခြင်း၌ ကြူးကုန်၏။ မြို့တော်၌ လက်ဝှေ့သဘင်ကို ပြုစေ၍ ထိုအခါ တစ်ကျိပ်သော ညီနောင်တို့ ကို လက်ဝှေ့သတ်ရာပွဲသဘင်သို့ လာကုန်သောသူတို့ ကို ဖမ်းစေ၍ ဆောင်စေအံ့ဟု လျှောက်ကုန်သည် ရှိသော် စာရယမည်သော လက်ပမ်းသည် ၊ မုဋ္ဌိမည်သော လက်ပမ်းသည် နှင့် ဤနှစ်ယောက်ကုန်သော လက်ပမ်းသည်တို့ ကို စေလွှတ်၍ ဤနေ့မှ ခုနှစ်ရက်မြောက်သောနေ့၌ လက်ဝှေ့သတ်ခြင်း၊ လက်ပမ်းလုံးခြင်းပွဲသဘင်သည် ဖြစ်လတ္တံ့ဟု မြို့၌ စည်လည်စေ၍ မင်းရင်ပြင်၌ လက်ဝှေ့ပွဲသဘင်မဏ္ဍပ်ကို တန်ဆာဆင်၍ တံခွန်ကုက္ကားကို စိုက်စေကုန်၏။ မြို့အလုံးသည် အုတ်အုတ်ကျက်ကျက် ရှိသည် ဖြစ်၏။ (အလယ်ဆင့်ဆင့်) ညောင်စောင်းအဆင့်ဆင့်ဖွဲ့၍ စာရယ-လက်ပမ်းသည် မုဋ္ဌိက-လက်ပမ်းသည် တို့ သည် လက်ဝှေ့သဘင်မဏ္ဍပ်သို့ လာကုန်၍ ကြွေးကြော်ကုန်လျက်၊ ကြုံးဝါးကုန်လျက်၊ လက်ပမ်းပေါက်ခတ်ကုန်လျက် သွားကုန်၏။

မင်းသားညီနောင်တစ်ကျိပ်တို့ သည် လည်း လာလတ်ကုန်၍ ထမင်းရောင်းသောခရီး၊ နံ့သာရောင်းသောခရီး၊ ခဝါသည် ခရီး၌ လုယက်ဖျက်ဆီး၍ နီသောအဆင်းရှိသော ပုဆိုးတို့ ကို ဝတ်၍ နံ့သာရောင်းသောဈေး

တို့ ၌ နံ့သာကို၊ ပန်းရောင်းသောဈေးတို့ ၌ ပန်းကို လုယက်၍ နံ့သာကို လိမ်းပြီးသောကိုယ်ရှိသည် ဖြစ်၍ ပန်းပန်ကုန်လျက် ရွှေနားတောင်းဝ တ်ဆင်၍ ကြွေးကြော်ကုန်လျက် လက်ပမ်းပေါက်ခတ်ကုန်လျက် လက် ဖွေ့သဘင်သို့ ဝင်လာကုန်၏။ ထိုခဏ၌ စာရယမည်သော လက်ပမ်းသ ည် သည် ၊ လက်ပမ်းပေါက်ခတ်လျက် ပွဲအလယ်၌ လှည့်ပတ်၏။ ဗလဒ ဝေမင်းသားသည် ထိုစာရယမည်သော လက်ပမ်းသည် ကိုမြင်၍ အိုလ က်ပမ်းသည် ကို လက်ဖြင့်မထိစေအံ့ဟု ဆင်တင်းကုပ်မှ ကြီးစွာသော ဆင်ချည်ကြိုးကိုယူ၍ ကြွေးကြော်ကြုံးဝါးလျက် ဆင်ချည်ကြိုးကိုပစ်၍ ကျစ်ပြီးလျှင် မြှောက်၍ ဦးခေါင်းထက်၌ ချာချာလည်စေပြီး မြေ၌ ရိုက်ခ တ်သတ်ပြီးလျှင် ပွဲပြင်၌ သူကောင်ချရာ၊ တူးသောတွင်းသို့ ပစ်လိုက်၏။ စာရယလက်ပမ်းသည် သေလေသည် ရှိသော်၊ ကံသ-မင်းကြီးသည် မုဋ္ဌိ ကမည်သော လက်ပမ်းသည် ကို စေ၏။ ထိုမုဋ္ဌိကလက်ပမ်းသည် သည် ထ၍ ကြွေးကြော်ကြုံးဝါးလျက် လက်ပမ်း ပေါက်ခတ်၏။ ဗလဒဝေမင်း သားသည် ထိုမုဋ္ဌိကမည်သော လက်ပမ်းသည် ကို ပုတ်ခတ်၍ အရိုးကို မု န့်ညက်ညက်ကြေစေ၍ လက်ပမ်းသည် ဟူသည် အမောင်လောဟု မေး ၍ ငါလက်ပမ်းသည် တကားဟူ၍ ဆို၏။ ဆိုစဉ်ပင်လျှင် နင်လက်ပမ်း သည် ဟုတ်သည် ၏ အဖြစ်ကို လည်းကောင်း၊ လက်ပမ်းသည် မဟုတ် သည် ၏ အဖြစ်ကိုလည်းကောင်း၊ ငါမသိဟု လက်၌ ကိုင်၍ မြေနှင့် ရိုတ် ခတ်လျက် အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ပွဲပြင်၌ သူကောင်ချ ရာ တူးသောတွင်းသို့ ပစ်ချလိုက်၏။ မုဋ္ဌိကလက်ပမ်းသည် သည် ဘီလူးကြီးဖြစ်၍ ထိုမင်းသားကို စားရလို၏ ဟု ဆုတောင်းခြင်းကို ဖြစ် စေ၏။ ထိုမုဋ္ဌိကလက်ပမ်းသည် သည် ကာဠမတ္တိကမည်သော တောအု ပ်၌ ဘီလူးကြီးဖြစ်လေ၏။ ဦးရီးတော် ကံသမင်းကြီးသည် ကျွန်သားညီ နောင် တစ်ကျိပ် တို့ ကို ဖမ်းကြကုန်အံ့ဟု ထ၏။ ထိုသို့သောခဏ၌ ဝါသု

ဒဝေမင်းသားသည် စက်လက်နက်ကိုပစ်၏။ ထိုစက်လက်နက်သည် ဦးရီးတော်ညီနောင် မင်းနှစ်ပါးတို့ ၏ ဦးခေါင်းကို ကျစေ၏။ လူများ အပေါင်းသည် ကြောက်ထိတ်လန့်သည် ဖြစ်၍ အကျွန်ုပ်တို့ ၏ ကိုးကွယ်ရာဖြစ်ပါကုန် လောဟု ဆို၍ ထိုညီနောင်တစ်ကျိပ်တို့ ၏ ခြေရင်း၌ ဝပ်၍ လျှောက်ကြကုန်၏။ ထိုညီနောင်တစ်ကျိပ် တို့ သည် ဦးရီးတော်မင်းနှစ်ပါးတို့ ကိုသတ်၍ အသိတဉ္စနမြို့၌ မင်းစည်းစိမ်ကိုယူပြီးလျှင် မယ်တော်၊ ခမည်းတော်တို့ ကို အသိတဉ္စနမြို့၌ ထား၍ နေစေကုန်၏။

* * *

## ဝါသုဒေဝ ဗလဒေဝ မင်းညီနောင် တစ်ကျိပ်တို့ အကြောင်း

ထို တစ်ကျိပ်သော မင်းညီနောင်တို့ သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရှိသော မင်းအဖြစ်ကို ယူ ကုန်အံ့ဟု မြို့မှ ထွက်ပြီး အစဉ်သဖြင့် ကာဠယောနကမည်သော မင်း၏ နေရာဖြစ်သော၊ အယုဇ္ဈမြို့ သို့ ရောက်လျှင် ထို အယုဇ္ဈပြည်ကို၊ မိမိတို့ လက်သို့ ရောက်သည် ကို အစွဲပြု၍ ဒွါရဝတီမြို့ဟု သမုတ်လေကုန်၏။ ထို ဒွါရဝတီမြို့၏ တစ်မျက်နှာမှာ ကား သမုဒ္ဒရာ၊ တစ်မျက်နှာမှာ ကား တောင်-ရှိ၏။ ထို ဒွါရဝတီမြို့ကို ဘီလူးတို့ သိမ်းဆည်းအပ်သည် ဖြစ်၍ ထိုမြို့ကိုစောင့်ရှောက်သော ဘီလူး သည် ရန်သူတို့ ကိုမြင်၍ မြည်း၏ အသွင်ဖြင့် မြည်လျှင်၊ ထိုမြည်သောခဏဝယ် ဘီလူးတို့ ၏ အာနု ဘော်ဖြင့်၊ မြို့အလုံးည် ကောင်းကင်သို့ပျံတက်၍ မဟာသမုဒ္ဒရာဝယ်၊ ကျွန်းငယ်တစ်စု၌ တည်၏။ ရန်သူတို့ သွားကုန်သည် ရှိသော် တစ်ဖန်ပြန်လတ်၍ မိမိနေရာ၌ သာလျှင် တည်၏။ ထိုမင်းညီနောင် တစ်ကျိပ်တို့ ရောက်လာသောအခါ၌ လည်း ၊ မြည်းယောင်ဆောင်သော ဘီလူးသည် ထိုမင်းညီနောင်တစ်ကျိပ်တို့ ၏ လာခြင်းကိုသိ၍ မြည်း၏ လာခြင်းကို မြည်၏။ ထိုမြို့သည် ကောင်းကင်သို့ပျံတက်၍ သမုဒ္ဒရာကျွန်းငယ်၌ တည်၏။ ထိုမင်းညီနောင်တို့ သည် မြို့ကို မမြင် ကုန်၍ ပြန်ကုန်သည် ရှိသော်၊ တစ်ဖန်လာပြန်၍ မိမိနေရာ၌ တည်၏။ တစ်ဖန်လည်း မြည်းသည် ၊ ရှေးနည်းအတူသာလျှင် ပြု၏။ မင်းညီနောင်တစ်ကျိပ်တို့ သည် ဒွါရဝတီမြို့၌ မင်းအဖြစ်ကို ယူခြင်းငှာ မတတ်နိုင်ကုန်ဖြစ်၍ တဏှာဒီပါယနရသေ့ထံ သွားပြီးလျှင် အရှင်ဘုရား၊ အ

ကျွန်ုပ် တို့ သည် တစ်ခုသောအကြောင်းကို ပြုတော်မူပါကုန်လောဟု မေး၍ ကျုံးပြင်အရပ်၌ တစ်ခုသော မြည်းသည် ရှိ၏။ ထိုမြည်းသည် ရန်သူတို့ လာသည် ကိုမြင်၍ မြည်း၏ အသံကို မြည်သောခဏ၌ မြို့သည် ပုံ့နှံ့သွား၏။ သင်တို့ သည် ထိုမြည်း၏ ခြေတို့ ကို ကိုင်လေကုန်။ ဤသည် လျှင် သင်တို့ ၏ အလိုပြီးခြင်း၏ အကြောင်းတည်းဟု ဆိုသည် ရှိသော်၊ ထိုမင်းညီနောင်တစ်ကျိပ်တို့ သည် မြည်း၏ ခြေ၌ ကိုင်ပြီးလျှင်၊ အရှင့်ကိုထား၍ အရှင်မှ တစ်ပါးသောသူသည် ကိုးကွယ်ရာမရှိပါ၊ ငါတို့ မြို့ကို သိမ်းယူသောအခါ မမြည်ပါလင့်ဟု တောင်းပန်ကုန်၏။။ မြည်းသည် လည်း ငါသည် မမြည်ပဲနေခြင်းငှာ မတတ်ကောင်း၊ သင်မင်းသားတို့ သည် ကား ရှေးဦးစွာလာလတ်ကုန်၍ လေးယောက်ကုန်သော သူတို့ သည် ကြီးစွာသောသံချောင်းတို့ ကိုယူ၍ မြို့တံခါးလေးမျက်နှာတို့ ၌ ကြီးစွာသောသံတံသင်းတို့ ကို မြေ၌ စိုက်၍ မြို့၏ ပုံ့အံ့သောကာလ၌ သံချောင်းတို့ ကိုကိုင်၍ သံချောင်း၌ ဖွဲ့အပ်သော သံကွင်းကို၊ သံတံသင်း၌ စွပ်လေကုန်။ မြို့သည် ပုံ့ခြင်းငှာ မတတ်နိုင်လတ္တံ့ဟု ဆို၏။

ထိုမင်းညီနောင်တစ်ကျိပ်တို့ သည် ကောင်းပြီဟု ဆို၍ ထိုနေ့ ညဥ့်သန်းခေါင်းယံ၌ ဝင်လျှင် သံချောင်းတို့ ကိုယူ၍ မြို့တံခါးလေးမျက်နှာတို့ ၌ သံတံသင်းတို့ ကို မြေ၌ စိုက်၍ တည်ကုန်၏။ ထိုခဏ၌ မြည်းသည် မြည်၏။ မြို့သည် ပုံ့ခြင်းငှာအားထုတ်၏။ တံခါးလေးမျက်နှာတို့ ၌ တည်ကုန်သော မင်းသားတို့ သည် လေးခုသောသံချောင်းတို့ ဖြင့် ကိုင်ကုန်၍ သံချောင်း၌ ဖွဲ့အပ်သော သံကွင်းတို့ ကို သံတံသင်းတို့ ၌ ဖွဲ့ကြကုန်၏။ ၎င်းနောက် ညီနောင်တစ်ကျိပ်တို့ သည် မြို့သို့ဝင်ပြီးလျှင် မင်းကိုသတ်၍ ဇမ္ဗူဒိပ်ကျွန်းအလုံးဝယ် ခြောက်သောင်းသုံးထောင်သော မြို့တို့ ၌ ခြောက်သောင်းသုံးထောင်သော မင်းတို့ ကို စက်လက်နက်ဖြင့် အသက်ကုန်ခြင်းသို့ ရောက်စေ၍ ဒွါရာဝတီပြည်၌ နေကုန်လျက် ပြည်

ထောင်အပေါင်းတို့ ကို ဆယ်စုစု၍ ခွဲဝေကုန်၏။ နှမတော် အဥ္စနဒေဝီ အား ပေးတော်မူကုန်လော့။ အကျွန်ုပ်သည် ကုန်သွားခြင်းကိုပြု၍ အသက်မွေးပါအံ့။ စင်စစ်သော်ကား နောင်တော်တို့ သည် မိမိ၏ ဇနပုဒ်၌ အကျွန်ုပ်တို့ အား ကင်းခွန်ကိုသာ လွှတ်တော်မူကုန်လော့ဟု ဆို၏။ ထို နောင်တော်မင်းတို့ သည် ကောင်းပြီဟု အာမခံ၍ ထိုနှမတော်အဥ္စနဒေဝီ နှင့် တကွ ကိုးယောက်ကုန်သောမင်းတို့ သည် ဒွါရာဝတီပြည်ကြီး၌ နေကုန်၏။ ညီနော်အင်္ကုရမင်းသားသည် ကား ကုန်သွယ်မှုကိုပြု၏။

ဒွါရာဝတီမြို့ကို သံဖြင့်တွဲ၍ ယူအပ်လေသည် ကိုအပြောင်းပြု၍ သံတွဲမြို့-ဟု တွင် ကြောင်း၊ ဤသံတွဲမြို့ဟူသည် လည်း အခြားတစ်ပါးပြည်မဟုတ်၊ ရခိုင်လေးဝတီမြို့အဝင်၊ ဒွါရာဝတီ၊ သံတွဲမြို့ဖြစ်ကြောင်း မှတ်ယူမည်ဖြစ်သည် ။ သံတွဲမြို့ပင်ဖြစ်ကြောင်း စသည် ဖြင့် မိန့်ဆိုလေသည် ။

ဆရာငမည်းရာဇဝင်၌ ကား၊ အန္တရကပ်တစ်ဆယ့်တစ်ကပ်မြောက် အဦး၌ တင်မြောက်အပ် သော မဟာသမ္မတမင်းမှ စ၍ ၊ ဂရမန္တာတုမင်းဖြစ်တော်မူသောအခါ ထိုမင်း၏ သားတော်သည် ဂဇာပတိ၊ အဿပတိ။ နရာပတိ။ ဝဏ္ဏပဘာ-ဟူ၍ လေးယောက်ရှိကြောင်း၊ ထိုလေးယောက် တို့ တွင် ၊ ဂဇာပတိ၊-သားတော်အား ဗမ္ဗုဒိပ်ကျွန်း၏ မြောက်ပိုင်းကိုလည်းကောင်း၊ အဿပတိ-အား၊ ဇမ္ဗုဒိပ်ကျွန်း၏ တောင်ပိုင်းကိုလည်းကောင်း၊ နရာပတိ-အား၊ ဇမ္ဗုဒိပ်ကျွန်း၏ အရှေ့ပိုင်းကိုလည်း ကောင်း ပေးအပ်တော်မူကြောင်း၊ အငယ်ဆုံးဝဏ္ဏပဘာ-ကို မေးတော်မူရာ၊ မိမိကံပေးရာကို လိုပါသည် လျှောက်သဖြင့် ကံမြင့်ရာဇာတွင် ပေးကြောင်း၊ ၎င်းကံမြင့်ရာဇာအား ဂဝံပတိ၊ ပရမီနတ်မင်းတို့ ဖန်ဆင်းတည်ထောင်၍ ပေးအပ်သော ငါတို့ ရမ္မာဝတီပြည်၊ ဒွါရာဝတီပြည်၊ မေဃဝတီပြည်၊ ဓညဝတီပြည်တို့ ဖြစ်ထွန်းပေါ်ပေါက်လေကြောင်းနှင့်

ဆိုလေသည် ။ ယင်းသို့ဆို အပ်သော စကားများကိုလည်း ထောက်ထား ဆင်ခြင်ယူရမည်။ ဤသို့ရေးသားပြဆိုအပ်သော ရာဇဝင်စကားတို့ သည် တင်စားသည် ပင်ဖြစ်စေ၊ မှန်သည် ပင်ဖြစ်စေ၊ စင်စစ်မှာ မူ ဝါသုဒေဝစသော မင်းညီနောင်တစ်ကျိပ်တို့ မလာမရောက်မီကပင် ဒွာရာဝတီ၊ ဝေသာလီစသော ငါတို့ ရခိုင်ပြည် မဟာဝိဟိကတိုင်း၌ ရှေးရှေးသော မဟာသမ္မတမင်းတို့ ၏ အဆက်အနွယ်ဖြစ်သော မင်းများကို ပြုစုတည်ထောင်နေထိုင်တော်မူဖူးကြသော တိုင်းပြည်ဟူ၍ ကား မှတ်သားရန် သင့်ပေကြောင်း ဆိုပေသည် ။

ဝါသုဒေဝ၊ စသော မင်းညီနောင်တစ်ကျိပ်တို့ ကိုလည်း ၊ ဆရာငမည်းရခိုင်ရာဇဝင်၌ ဦးရီးတော်မင်းတို့ ဖမ်းဆီးသတ်ဖြတ်မည်ကြံကြောင်းကိုသိလျှင် ဟိမဝန္တာသို့ ထွက်ပြေး၍ ရှင်ရသေ့ထံ အတတ်မျိုးကို သင်လေးကြောင်း ကကုသန်တို့ ဖြစ်ဖူးကြောင်း အဥ္ဇနဒေဝီလည်း အတူပါသော နွားကျောင်းသူငယ်ဖြစ်ဖူးကြောင်း၊ ကကုသန်မြတ်စွာဘုရားကိုမြင်လျှင် ကြည်လင်သောစိတ်ရှိကြသည် ဖြစ်၍ နွားတို့ ကို သူငယ်မအား အပ်ထားခဲ့၍ ဥယျာဉ်သို့ ထွက်သွားပြီးလျှင် အထူးထူးသော ပန်းတို့ ကို ယူဆောင်လျက် ကြာအိုင်မှ ရေနှင့် ကြာပွင့်ကြာသီးတို့ ကို ယူခဲ့၍ ရေဖြင့် မြတ်စွာဘုရားခြေတော်ကို ဆေးကြော၍ ကြာသီးတို့ ဖြင့် မြတ်စွာဘုရားနှင့် တကွ သံဃာတော်များကို ကပ်လှူလျက်၊ ဇမ္ဗူဒိပ်ကျွန်းအားလုံးကို သိမ်းရုံးပိုင်ပြု၍ ဆယ်စုဝေဖန် စိုးစံရသည် ဖြစ်စေသားဟူ၍ ဆုတောင်းဖူးကြောင်း၊ နောက် အဥ္ဇနဒေဝီလည်း တစ်ခုသောဝေစုကို ရပါစေသားဟူ၍ ဆုပန်ဖူးကြောင်း ဥယျာဉ်မှူးလည်း မင်းသားတို့ အား ဆရာပြု၍ အတတ်သင်ပေးရပါစေသားဟု ဆုတောင်းဖူးကြောင်း၊ ထိုကောင်းမှုတို့ ကြောင့် ဆုတောင်းတိုင်းပြည်စုံကြောင်း ကံသမင်းတို့ ပျက်စီးရခြင်းသ

ည်     အသိတဥ္စနပြည်ဝယ်     တစ်ခုသော     ရေအိုင်၌ မင်းညီနောင်အလောင်းဖြစ်သော ငါးတို့ ကို သတ်စားခဲ့ဖူးသော အကျိုးဆက်ကြောင့် ပျက်စီးရလေကြောင်းတို့ နှင့် အရှည်အများ ပင် ဆိုသည် ။

## ဝါသုဒေဝစိုးရိမ်ခြင်းကို ဃဋပဏ္ဍိတ ဖျောက်ခြင်းအကြောင်း

ဤသို့လျှင် ထိုမင်းညီနောင်တို့ သည် နောက်အဘို့၌ သားသမီးတို့ ဖြင့် ပွားစီကုန်သည် ရှိ သော်၊ ရှည်မြင့်စွာသောကာလလွန်လေလျှင် မယ်တော်၊ ခမည်းတော်တို့ သေလွန်ကုန်၏။ ထိုအခါ ဝါသုဒေဝမင်းကြီးသည် စိုးရိမ်သောက နှိပ်စက်သည် ဖြစ်၍ အလုံးစုံသော အမှုကိစ္စကိုပယ်၍ ညောင် စောင်းပေါက်၌ ဖက်၍ ကြီးစွာသောစိုးရိမ်ခြင်းဖြင့် ငိုကြွေးမြည်တမ်းသည် ကို ညီတော် ဃဋပဏ္ဍိတ သည် ကြံ၏။ ငါ့ကိုထား၍ ငါမှ တစ်ပါးသောသူသည်   နောင်တော်ကြီး၏   စိုးရိမ်ခြင်းကို   ဖျောက်ခြင်းငှာ စွမ်းနိုင်သောသူ   မည်သည်   မရှိရာ။   သင့်သောအကြောင်းဖြင့်   နောင်တော်ကြီး၏ စိုးရိမ်ခြင်းကို ဖျောက်အံ့ဟု ကြံ၏။

ဤသို့ လျှောက်သောစကားကိုကြားလျှင်၊ ဝါသုဒေဝမင်းကြီးသည် ညီထွေး၊ ငါ အမှတ်ရပြီ။ ငါ၏ စိုးရိမ်ခြင်းကို ပယ်လိုသောကြောင့် ဤသို့ ရှုးသွပ်သောအမှုကို     ငါ့ညီပြုပေသည်     ဟု     ဃဋပဏ္ဍိတကို ချီးမွမ်းလိုသောကြောင့် ယဿဇာတေဒိသာစသော လေးဂါထာတို့ ဖြင့် ချီးမွမ်း၏။ အို အမတ်အပေါင်းတို့ ၊ အကြာင်အကြောင်းဖြင့် ယခုသား၌ စိုးရိမ်ခြင်းဖြင့် ငါ့အားသောင်ငါ့ကို ပညာရှိ ယောကျ်ားဖြစ်သော ဃဋပဏ္ဍိတသည် ငြိမ်းစေ၏။ အကြင်မင်းအား ထိုသို့သဘောရှိကုန်သော ပညာရှိအမတ်တို့ သည် ရှိကုန်၏။ ထိုမင်းအား စိုးရိမ်ခြင်းသည် အဘယ်မှာ ရှိအံ့နည်း။ ဤသို့ အစရှိ သည် ဖြင့် ဃဋပဏ္ဍိတကို ဝါသုဒေဝမင်းကြီး ချီးမွမ်း၍ စိုးရိမ်ခြင်းကင်းငြိမ်းပြီးသည် ။ ကာလကြာ သောအခါ မင်းညီနောင်

တို့ ၏ သားတော်တို့ သည် ကဏှာဒီပါယနရသေ့ကို ဒိဗ္ဗစက္ခုရသည် ဟု ဆို အပ်ကုန်၏။ ငါတို့ စုံစမ်းအံ့ဟု သူငယ်တစ်ယောက်ကို ဝမ်း၌ ခါးစည်းပုဆိုးဖွဲ့၍ ဘယ်အချိန်တွင် သားဖွားအံ့နည်းဟု ၊ ကဏှာဒီပါယန ရသေ့ကို မေးသည် ရှိသော် မင်းညီနောင်တစ်ကျိပ်တို့ ပျက်စီးရန် ကာလ ရောက်ပြီ။ ငါ၏ အသက် အဘယ်မည်မျှရှည်မည်နည်းဟု ကြည့်သည် ရှိ သော်၊ ယနေ့ပင် အနိစ္စနိုင်ငံသို့ လိုက်ရမည်ဟု သိ၍ မင်းသားတို့ သားဖွားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မေး ပြီးလျှင် ဆိုလော ဆို လောဟု တိုက်တွန်းဖန်များ သဖြင့် ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ရှားလုံ့ တံကို ဖွားလိမ့်မည်။ ထိုရှားလုံ့တံဖြင့် ဝါသုဒဝေနွယ် ပျက်စီးခြင်း သို့ ရောက်လတ္တံ့ဟု ဆိုလေသည် ။ ထို ဂူးလုံ့တံကို မီးတိုက်၍ ပြာကို မြ စ်ရေ၌ မျှောလေကုန်ဟု ဆိုသည် ။ ဟယ် ရသေ့စဉ်းလဲ ယောကျ်ားသည် သားဖွားရသည့် သဘောရှိသလောဟု သားတော်များ ရိုက်ပုတ်ခတ်၍ အသက် ကုန်ခြင်းသို့ ရောက်စေသည် ။ ၎င်းကို မင်းညီနောင်တို့ ကြားကု န်၍ ကြောက်လန့်တကြား ဖြစ်ကုန် သဖြင့် သားတော်တို့ ကို အပြစ်တင် သည် ။ ထိုသူငယ်ကို စောင့်ရှောက်စေ၍ ရသေ့ဆိုတိုင်း ခုနစ်ရက်မြော က်သောနေ့၌ ထိုသူငယ်ဖွားအံ့သော ရှားလံတံကို မီးတိုက်၍ မြစ်၌ မျှော အပ်သော ပြာသည် မြစ်ဝတစ်ဘက်၌ တင်လေသဖြင့် ထိုပြာမှ ပြိတ်မြ က်ပင် ပေါက်လေ၏။

ပါသုဒဝေစသော မင်းညီနောင်တို့ သည် ပင်လယ်ကမ်းသွား၍ ကြီးစွာသော ရေသဘင်ဖြင့် ရေကစားကြရာတွင် လက်ခြေထိပါးကြကု န်သည် ဖြစ်၍ နှစ်စုကွဲလျက် အချင်းချင်း ခိုက်ရန်ကြီးစွာ ဖြစ်လတ်သော် ။ တစ်ယောက်သောသူသည် တစ်ပါးသော တုတ်၊ လုံ့တံမရသည် ဖြစ်၍ ပြိတ်မြက် တောမှ ပြိတ်မြက်ရွက်ကို ကိုင်၏။ ထိုပြိတ်မြက်ရွက်သည် ကို င်မိကာမျှဖြင့် ရေ့ကံအကြောင်း ကြောင့် ရှားကျည်ပွေ့ ဖြစ်၏။

ထိုရှားကျည်ပွေ့ဖြင့် ရိုက်၏။ ထို့အတူလည်းကောင်း၊ ကိုင်တိုင်းကိုင် တုင်း ရှားကျည်ပွေ့ဖြစ်၍ အချင်းချင်း ရိုက်ကြကုန်သည် ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက် ကြကုန်၏။ ထိုသို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်သည် ရှိသော်။ ဝါသုဒဝေမင်းကြီး၊ ဗလဒဝေမင်းသား၊ နှမတော် အဉ္စနဒဝီ၊ ပုရောဟိတ်ပုဏ္ဏား၊ ဤလေးယောက်သောသူတို့ သည် ရထားစီး၍ ထွက်ပြေးသည် ရှိသော်။ ကာဠမတ္တိကမည်သော တောအုပ်သို့ ရောက်လေသည် ။ မုဋ္ဌိက လက်ပမ်းသည် သည် ဘီလူးဖြစ်၍ စားရလို၏ ဟု ဆုတောင်းခြင်းကိုပြု၍ ထိုတောအုပ်၌ ဘီလူးကြီး ဖြစ်လေသဖြင့် ဗလဒဝေလာသည် ကိုမြင်လျှင် ရွာဖန်ဆင်း၍ လက်ပမ်းသည် အသွင်ဖြင့် လက်ပမ်း ပေါက်သည် ကို ညီတော်ဗလဝေဒ မြင်လျှင် နောင်တော်ဝါသုဒဝေမင်းကြီးအား ဤလက်ပမ်းသည် နှင့် တကွ လုံးထွေးအံ့ဟု ဆို၏။ ဝါသူဒဝေမင်းကြီး တားမြစ်စဉ်လျှင် ရထားထက်မှ ဆင်းသက်၍ ဘီလူးထံလာခဲ့၏။ မိဋ္ဌိကဘီလူးသည် လက်ကိုင်ငင်၍ ကြာစွယ်ကြာရင်းကဲ့သို့ စားလေ၏။ ဝါသုဒဝေမင်းကြီးသည် ညီတော်ဗလဒဝေသေသောအဖြစ်ကိုသိ၍ နှမတော် အဉ္စနဒဝီကိုလည်း ကောင်း၊ ပုရောဟိတ်ပုဏ္ဏားကိုလည်းကောင်း ဆောင်ယူ၍ ညဥ့်သုံးယံပတ်လုံး ပြေးသွားသည် ။ နေထွက်သောအခါ တစ်ခုသော ရွာစွန်နားသို့ ရောက်၍ ထမင်းချက်၍ ဆောင်ခဲ့ကုန်လောဟု ဆို၍ နှမတော်အဉ္စနဒဝီကိုလည်းကောင်း၊ ပုရောဟိတ်ပုဏ္ဏားကိုလည်းကောင်း၊ ရွာသို့စေလွှတ်လိုက်၍ မိမိသည် တစ်ခုသောခြုံထဲ၌ ဝင်ရောက်ခိုလှုံလေ၏။ ထိုအခါ ဝါသုဒဝေမင်းကြီးကို ဇရာအမည်ရှိသော မုဆိုးသည် ခြုံလှုပ်သည် ကိုမြင်လျှင် ဤခြုံ၌ ဝက်ရှိသည် ဖြစ်လတ္တံ့ဟူသော အမှတ်ဖြင့် လှံဖြင့်ထိုးရာ ခြေ၌စူးလေ၏။ အဘယ်သူသည် ငါ့ခြေကို ထိုးသနည်းဟု ဆိုလတ်သော်။ လူကိုထိုးမိသောအဖြစ်ကိုသိ၍ ပြေးခြင်းငှာ အားထုတ်၏။

ဝါသုဒဝေမင်းကြီးလည်း သတိကို ဆောက်တည်၍ ထပြီးလျှင် အမောင်၊ မကြောက်လင့်။ လာလှည့်ဟု ခေါ်၍ လာလတ်သော်၊ မုဆိုးကို သင်သည် အဘယ်သူနည်းဟု မေးလျှင် အရှင်၊ အကျွန်ုပ်သည် ဇရာအမည်ရှိ ပါသည် ဟု ဆိုသဖြင့် ဇရာမည်သောမုဆိုးသည် ထိုး၍ သေလတ္တံ့ဟု ငါ့ကို ပညာရှိတို့ သည် ဟောဖူးကုန်သတတ်။ မချွတ်လျှင် ယနေ့ငါသည် သေရအံ့။ ထို့ကြောင့် အမောင်သည် မကြောက်လင့်။ လာလှည့်၊ ငါ့ခြေကို ကြပ်စည်းပါလော့ဟု မုဆိုးကို ကြပ်စည်းစေပြီးလျှင် မုဆိုးကို လွှတ် လိုက်လေ၏။ ဝါသုဒဝေမင်းကြီးသည် ပြင်းစွာသော ဝေဒနာတို့ သည် ဖြစ်ကုန်သည် ရှိသော် ထိုနှမတော် ပုရောဟိတ်ပုဏ္ဏားတို့ သည် ဆောက်အပ်ခဲ့သောအစာကို စားခြင်းငှာ မတတ်နိုင် သည် ဖြစ်၍ နှမတော်တို့ ကို ခေါ်ပြီးလျှင်၊ ယနေ့ ငါသည် သေရလတ္တံ့။ သင်တို့ သည် ကား နူးညံ့သောကိုယ်လက် ရှိကုန်၏။ တစ်ပါးသောအမှုကိုပြု၍ အသက်မွေးခြင်းငှာ မတတ်နိုင်ကုန် လတ္တံ့။ ဤမန္တာန်ကို သင်ကြားကုန်လောဟု ၊ တစ်ခုသောမန္တန်ကို သင်စေပြီးလျှင် လွှတ်လိုက်၍ ထိုခြဲ့ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ဤသို့လျှင် နှမတော်အဥ္စနဒေဝီကိုထား၍ အလုံးစုံသော မင်းညီနောင်တို့ ၏ သားတော်၊ မြေးတော် အစရှိသော ဒွါရာဝတီပြည်သူအပေါင်းတို့ သည် ပျက်စီးခြင်းသို့ ရောက်သည် ။

* * *

# ဒွါရာဝတီသံတွဲမှ ပုရောဟိတ်ပုဏ္ဏားနှင့် အဥ္ဇနဒဝေီတို့ အကြောင်း

ဝါသုဒဝေမင်းကြီး လမ်းညွှန်မှာ ကြားလိုက်သဖြင့် ပုရောဟိတ်ပုဏ္ဏားနှင့် နမတော် အဥ္ဇနဒဝေီတို့ သည် မြောက်အရပ်သို့ အစဉ်အတိုင်း သွားကြလေသော်။ ကစ္ဆပနဒီမြစ်ကမ်းရှိ ဝေသာ လီမြို့သို့ ရောက်ကြကုန်၏။ ထိုအခါ ဝေသာလီပြည်တွင် မင်းမရှိ၊ လွန်လေသည် နှင့် မင်းလောင်း ရှာကြလေသည့် အခိုက်၊ ပုရောဟိုတ်ပုဏ္ဏားနှင့် အဥ္ဇနဒဝေီတို့ ကို တွေ့ကြလေသော် ဤသူတို့ သည် ငါတို့ အရှင်ဖြစ်ထိုက်သော မင်းလောင်းမင်းလျာတို့ ပင်တည်းဟု မှူးမတ်အပေါင်းတို့ ညီညာ၍ ဝေသာ လီပြည်ထီနန်းကို အပ်နှင်း၍ မင်းပြုတော်မူလေရာ၊ ပုရောဟိတ်ပုဏ္ဏားသည် ဗြမ္မဏရာဇာဟူသော အမည်ကိုခံ၍ အဥ္ဇနဒဝေီမင်းသမီးနှင့် ထီးနန်းကို အပ်နှင်း၍ မင်းပြုတော်မူလေသည် ။ ထို့နောင် ဝေသာလီပြည်မှ ပြောင်းခွာ၍ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်းဖြစ်သော ငခွေးသင်းတောင်မြို့ကို တည်ထောင်ပြုစု စိုစံတော်မူ၍ သားတော် ဗြဟ္မသုန္ဒရကို ဖွားမြင်တော်မူသည့် နောက် လွန်တော်မူ လေသည် ။

ဤသည် ကား ရာဇဝင်ဟောင်း အင်းစောက်ရာဇဝင်တို့ ၌ လာရှိသော စကားရပ်တို့ တည်း။ ဆရာငမည်းရာဇဝင်၌ ကား- ဝါသုဒဝေမင်းကို သင်္ဂြိုဟ်ပြီးမှ ပုဏ္ဏားနှင့် အဥ္ဇနဒဝေီတို့ လာခဲ့ရာ တစ်ခုသောအရပ်သို့ ရောက်၍ ၊ ယောက်ျား-က၊ မိန်းမအား အိမ်ထောင်ခန်းစကားကို အပေးတင်မှ လင်မယားဖြစ်လေသည် ဖြစ်၍ အပေးတင်သည် ကို ပတင်း-ဟု

တွင် ကြောင်း၊ တစ်ခုသောတောင် နားသို့ ရောက်ရှိသော် တောင်ထက်က၊ ငှက်တို့ မြည်သံကို လက်မိုး၍ ကြည့်ပြီးလျှင် တန်နွဲ့၍ နေသောကြောင့် ၊ တန်းလွဲ-ဟု တွင် ကြောင်း၊ လက်မိုး၍ ကြည့်သောကြောင့် မိုး-ဟု တွင် ကြောင်း တစ်ခု သောအရပ်သို့ ရောက်၍ အဥ္ဇနဒဝေီက မေးရာ ပုရောဟိတ်ပုဏ္ဏားက ရှေးအထက်က ရွှေငွေ များ သောကြောင့် ဟိရညတွင် ၏။ ယခု ဝါလမ္ဘူဘီလူးနေသောကြောင့် တစ်ခုသောချောင်းကို လမု ချောင်း၊ အစစ ဝမ်းနည်းဖွယ်တကားဟူသည် ကို စနည်း-ဟု တွင် ကြောင်း၊ ချောင်းတစ်ခုသို့ ရောက် ၍ ရင်လက်ခတ်တီးလျက် အံ့ဖွယ်တကားဆိုသည် ကို ရင်ခတ်တီးတွင် ကြောင်း။ အံ့ဖွယ်တကား ဟူသည် ကို အံ့ချောင်း(အမ်း)တွင် ကြောင်း၊ တစ်ခုသောချောင်းသို့ရောက်၍ ချောင်းတွင် နေသူတိုက မလာပါနှင့် ဟု တားလင့်သောကြောင့် တားလက်ချောင်း(ဒါးလက်)တွင် ကြောင်း ဆိုသည် ။

* * *

# ဗြဟ္မသုန္ဒရမင်းတို့ အကြောင်း

ခမည်းတော် ဗြဟ္မဏရာဇာမင်း လွန်တော်မူပြီးနောက် သားတော်ဗြဟ္မသုန္ဒရမင်းသားသည် ရှေ့အထက် ဝေသာလီမင်းလွန်တော်မူရာ တစ်နှစ်အရွယ်ခန့်ရှိ ကျန်ရစ်သောမင်းသမီး သုနန္ဒရီနှင့် အဘ-ရိပ်ရာဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူသည် ။ မင်းသမီးအမည်ကို ဆရာ ငမည်းရာဇဝင်၌ သိန္ဒရီယေ၊ အင်းစောက်၌ သိရိသုန္ဒရာ၊ ရာဇဝင်သစ်၌ သိရိန္ဒရဟူ၍ ဖော်ပြခြင်းဖြစ် သည် ။ ထိုငခွေးသင်းတောင်မြို့၌ ဗြာဟ္မဏရာဇာမင်း၏ သားရင်းမြေး၊ မြစ် ဖြစ်ပွားစိုးစံသော မင်းပေါင်းတို့ သည် ခြောက်ဆယ်မြောက်ဖြစ်လေကုန်သတည်း။ ဤစကားရပ်တွင်လည်း ဗြဟ္မသုန္ဒရ မင်းသည် ဝေသာလီမှ ခွာ၍ ငခွေးသင်းတောင်မြို့ကို တည်သည် ။ ထိုမင်းသား မြေးမြစ်တို့ သည် ခြောက်ဆက်မြောက်ဖြစ်ကုန်ဟု အင်းစောက်ရာဇဝင်တို့ ၌ ဆိုသည် ။ ထိုအတိုင်းယူလျှင်၊ ဗြဟ္မဏရာ ဇာနှင့် သော်၊ ခုနစ်ဆက်ဖြစ်ရာသည် ။ ဖြစ်ရာသင့်လျက် ခြောက်ဆက်မျှသာ ဆိုသောကြောင့် ဗြာဟ္မဏရာဇာသည် သာလျှင် ငခွေးသင်းတောင်မြို့ကို တည်သည် ။ ထိုမင်းနှင့် တကွ ခြောက်ဆက် မြောက် စိုးစံလေသည် ဟု ဆိုသော ရာဇဝင်ဟောင်းစကားကိုသာလျှင် အခိုင်ပြုသင့်သည် ။ ဤအရာ တွင် အသမ္ဘိန္နခတ္တိယန္ဒယ်လာဖြစ်သော ဝါသုဒဝေမင်းကြီး၏ အစဉ်အဆက်ဖြစ်သော မင်းတို့ သည် ကစ္ဆပနဒီမြစ်အရှေ့ဘက် ကိုးဆယ့်ကိုးမြို့၊ အနောက်ဘက် ကိုးဆယ့်ကိုးမြို့တို့ ကို အစဉ်မပျက်၊ ဆက်လက်တည်ထောင်စိုးစံတော်မူကြလေသည် ။

ကစ္ဆပနဒီမြစ် အရှေ့အနောက်မြို့ပေါင်း တစ်ရာကိုးဆယ့်ရှစ်မြို့များ သည် ဝါသုဒဝေအစ ဗြာဟ္မဏရာဇာမင်းမျိုး အဆုံးရှိသော မင်းပေါင်းခု နစ်ယောက်တို့ တည်ထောင်ပြုစုသော မြို့များ မ ဟုတ်။ ဝါသုဒဝေ-အစ၊ သမ္မတမင်းအဆုံးရှိသော မင်းဆက်ပေါင်း တစ်ဆယ့်ကိုးဆက်၊ မင်းပေါ င်း နှစ်ရာ့ငါးဆယ်ခုနှစ်ယောက်တို့ တွင် ဘုန်းအင်ကြီးမားသော မင်းများ တို့ တည်ထောင်ပြုစုအပ်သော ညမို့များ သာဖြစ်သည် ဟု စီစစ် ဆင်ခြင်ပြုရမည်။ ဆင်ခြင်ထောက်ရှု၊ သတိပြုလျှင်၊ ဝါသုဒဝေ၊ ဗြဟ္မဏ ရာဇာမင်းဆက်တို့ တည်ထောင်ပြုစုသော မြို့ချည်းမဟုတ်ပေ။

* * *

## သရတန်မင်းတစ်ဆယ့်ခြောက်ဆက်တို့ အကြောင်း

ထို့နောက် ဝေသာလီပြည်၌ သရဘန်အမည်ရှိသော မင်းသည် သီဒါဘီ-အမည်ရှိသော မိဖုရားနှင့် မင်း၏ ထီးနန်းစည်းစိမ်ကို ဆက်ခံအုပ်စိုးတော်မူ၍ သားမြေးမြစ် စသည် ဖြင့် တစ်ဆယ့် ခြောက်ဆယ့်မြောက် ဗြဟ္မသိဒ္ဓိမင်းတိုင်အောင် ဝေသာလီပြည်၌ အစဉ်မပျက် ဆက်လက်စိုးအုပ်စံမြန်းတော်မူလျက် သာယာစည်ပင် ဖြစ်တော်မူကြလေကုန်သတည်း။

* * *

## ဝေသာလီပြည်ကို ဘီလူးတို့ ဖျက်သည့် အကြောင်း

ထိုအခါ ဟိမဝန္တာဝယ် မျောက်ဖိုနှင့် ဆတ်မ ကျင်လည်ကြ၍ နေကြစဉ်တွင် လေမုန်တိုင်းထန် လျက် မိုဃ်းသည်းထန်စွာရွာသည် ရှိသော်၊ မိုခ၍ နေကြသော ပညောင်ပင်နှင့် သဖန်းပင်တို့ သည် လဲ၍ ရေထဲသို့ ကျပြီးလျှင် ကစ္ဆပနဒီမြစ်ညာမှ အစဉ်အတိုင်း မျှောလတ်သည် ရှိသော်။ သေလာဂိရိ မည်သော ကျောက်တော်တော်ခြေရင်းဝယ် တင်လာ၏။ မျောက်ဖိုနှင့် ဆတ်မသည် ၊ တောထဲသို့ဝင် ၍ ကာလမြင့်ရှည်ကြာစွာ ပေါင်းသင်းဆက်ဆံ၍ နေကြလေလျှင် သားသမီး သုံးကျိပ်နှစ်ယောက် မွေးမြင်၏။ ထိုသားတို့ တွင် အချို့ကား လူ ဖြစ်၏။ အချို့ကား ဘီလူး ဖြစ်၏။ သားအကြီးဆုံးဖြစ်သော ဘီလူး-ငဆဒ္ဒန်ကား ဆင်အယောင်ဆောင်၍ တောသွားတောလာ လူများကို ဖမ်း၍ စားလေ၏။ ထိုသို့ ဖမ်း၍ စားရာတောင်ကို ယနေ့တိုင်အောင် ငဆဒ္ဒန်တောင်ဟု တွင် ၏။

ထိုဘီလူးငဆဒ္ဒန်၏ ညီဖြစ်သော ပက္ကမိဘီလူးသည် ကား ကူးတို့ သည် အယောင်ဆောင်၍ လှေ၍ လူကိုတင်လျက် ချောင်းတစ်ခုကို အမှတ်ပြု၍ စားလေသောကြောင့် ထိုချောင်းသည် မှတ်ချောင်းဟု ယနေ့တိုင်အောင်တွင် ၏။ အချို့ရာဇဝင်သစ်၌ မှိုင်းချ၍ စားသောကြောင့် မှိုင်းချောင်း တွင် ကြောင်းနှင့် ဆိုသည် ။ ထို ပက္ကမိဘီလူး၏ ညီ၊ ငရက္ခိုက် နေ၍ စားသောတောင်ကို ငရက္ခိုက် တောင်ဟု ခေါ်ကြကုန်၏။ ထိုပက္ကိဘီလူး၏ နှမဖြစ်သော ရက္ခဏီသည် ရေကန်တစ်ခု၌ နေလျက် ရေကန်သို့ သောက်ချိုးအံ့သောငှာ လာသောသူတို့ ကို ဖမ်း၍

စားလေသောကြောင့် ထိုရေကန်သည် ရက္ခဏီရေကန်ဟု ယနေ့တိုင် အောင်တွင် ၏။ ထိုဘီလူးမ၏ အောက်ဖြစ်သော မောင်ရောဟာဟူ သော ဘီလူးကား ရက္ခိုက်တောင်၏ တောင်စူးစူးအရပ်၌ တောင်တစ် လုံးတွင် နေ၍ ညနဝေင်ဆည်း ဆာ၊ နံနက်မိုးလင်းဆည်းဆာ၌ ပြိုင်းပြို င်းရပ်၍ နေနှင့် သောကြောင့် ခရီးသွားသောသူတို့ သည် အကယ်လူထင် မှတ်၍ ချည်းးကပ်လေလျှင် စားလေသည် ချည်းဖြစ်သောကြောင့် ထို တောင်သည် ပြိုင်းတောင်ဟု တွင် ၏။ ဘီလူးနာမည်ကို မောင်ရာဟု ဟူ ၍ ရာဇဝင်သစ်၌ တစ်ခြားဆိုသည် ။

ထိုဘီလူး၏ ညီဖြစ်သော ငပိဿဲနှင့် ငလက်ကုပ်တို့ သည် အလွန်မ ည်းနက်သောကြောင့် နှမ အစ်ကိုတို့ အပေါင်းအဖော်မပြု ခြားနားနေ သောကြောင့် ငှက်တို့ ကိုဖမ်း၍ စားကုန်၏။ တောသွား တောလာလူတို့ ကိုလည်း ဖမ်း၍ စားလေကုန်၏။ ထိုအရပ်သည် ငပိဿဲလက်ကုပ်ဟူ၍ တွင် ၏။

ဤသို့ ချည်းအသီးသီးနေ၍ စားကြလေသောကြောင့် ဝေသာလီပြည် ဝယ် လူတရွေ့ရွေ့ နည်းပါးလတ်သောကြောင့် လူတို့ စူးစမ်းသည် ရှိ သော်၊ ဘီလူးဖမ်း၍ စားသောအကြောင်းကို သိလေကုန်သောကြောင့် တောအုံသို့ မသွားမဝင်ဝံ့သည် ဖြစ်၍ အိမ်၌ သာလျှင် နေကြကုန်၏။ ထို သို့ အိမ်၌ နေကြလတ်သော် ဘီလူးတို့ သည် မစားရသဖြင့် ငတ်မွတ်သ ည် ဖြစ်၍ ညဆည်းဆာ၌ ဝေသာလီမြို့သို့ဝင်၍ တစ်အိမ်မှ တစ်အိမ်သို့ သွားသောသူတို့ ကို ဖမ်း၍ စားလေကုန်၏။ ထိုသို့သော အကြောင်းကို သိကြလေလျှင် ညနေဆည်းဆာ၌ အိမ်မှ မထွက်ဘဲ ရှောင်ကြဉ်ကြကုန် ၏။ ထိုအခါတွင် ဆည်းဆာ၌ ဘီလူး လာလေသည် ကို အကြောင်းပြု၍ ယခုတိုင်အောင် အစဉ်အားဖြင့် ဆည်းဆာ၌ ဘီလူးလာသည် ဟု ဆိုကုန် ၏။ ထိုအခါ ဝေသာလီပြည်ကို အစိုးရသည့် ဗြဟ္မသိဒ္ဓိမင်းကြီးကား ဘီ

လူးသည် ဆည်းဆာ၌ သာ လာသည် ဟူ၍ နေ့အခါ အလုံးအရင်းဖြင့် တောကစားထွက်ရာ ဘီလူးဒေဆဒ္ဒန်သည် ဆင်သဏ္ဍာန်ဖန်ဆင်း ခြိမ်းမောင်း၍ လိုက်လာလျှင် အလုံးအရင်း ရဲမက်ဗိုလ်ပါတို့ သည် ထိုမှ ဤမှ ပြေးကြလေသော်၊ မင်းကိုဖမ်း၍ စားလေ၏။ မိဖုရားနှင့် သမီးတော်တို့ သည် ကား နန်းတွင် ကျန်ရစ်လေကုန်၏။ ဤသို့ ဝေသာလီပြည်သည် ဘီလူးဘေးဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ဆိတ်ညံခြင်းသို့ ရောက်လေ၏ ။

* * *